# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 17 , 2025 | Volume 87, Number 10


၁၇.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၀.၂၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၅၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၄.၆၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၅.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကုလားပဲသစ်များ ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေး



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲသစ်များ ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေးကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။ ပို့ကုန်မတ်ပဲဈေးမှာ တည်ငြိမ်သော်လည်း ပဲစင်းငုံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၇၀၀၀၀ ကျော်ဖြင့် အနည်းငယ် အတက်အကျရှိသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ် ခပ်သွက်သွက် ပြုလုပ်နေကြသည်။

မန္တလေးဈေးကွက်တွင် နယ်စုံမှ ကုလားပဲသစ်များ ပဲမာလိုင်းများ အသစ်ဝင်ရောက်မှု ရှိလာသော်လည်း ဈေးကောင်းမရရှိသေးကြောင်း၊ ပဲစင်းငုံမှာ အမြတ်နည်းနည်းဖြင့် ခပ်သွက်သွက် အရောင်းအဝယ်လုပ်နေကြပြီး ပမာဏများများ ဝယ်ယူတာမျိုးမရှိသေးကြောင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀-၂၇၆,၀၀၀ ပေါက်ဈေးဖြစ်လာကြောင်း လက်ရှိပြည်တွင်းဒေါ်လာဈေး တည်ငြိမ်မှုကြောင့်လည်း ပို့ကုန်ပဲများဈေး အတက်အကျ အနည်းငယ်သာရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲများ အသစ်ဝင်ရောက်မှုများရှိလာသလို သုံးတင်းဝင် တစ်အိတ်လျှင် ၂၃၀၀၀၀-၂၃၅၀၀၀ လောက်နဲ့ ဈေးအေး၊ အရောင်းအေးဖြစ်နေပါတယ်၊ ပဲစင်းငုံကတော့ အနည်းငယ် တက်လိုက်၊ ကျလိုက်နဲ့ အရောင်းအဝယ် ခပ်သွက်သွက် ရောင်းဝယ်နေကြပါတယ်၊ ပြည်တွင်းဒေါ်လာဈေး တည်ငြိမ်မှုကြောင့်လည်း ပို့ကုန်ပဲဈေး များ ဈေးကျဆင်းနေတာမျိုးပါ၊ လက်ရှိ မန္တလေးဈေးကွက်ကို ပဲသစ်များ ဝင်ရောက်မှု ကလည်း ခန့်မှန်းရခက်ပါတယ်"ဟု ၎င်းကပြောသည်။

ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်အတွင်း အသစ်ဝင်ပဲမျိုးစုံဝင်ရောက်မှုမှာ တဖြည်းဖြည်းဝင်ရောက်နေခြင်းကြောင့် ဈေးအတက်အကျအနည်းငယ်ရှိသော်လည်း လက်ရှိပေါက်ဈေးများထက် ဈေးနှုန်းထပ်မံကျဆင်းနိုင်တာမျိုး မရှိနိုင်တော့ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ကျပ် ၂၇၇,၅၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀-၂၇၆,၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ) တစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀ ပေါက်ဈေးရှိနေသည်။

အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၃၀,၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၀၀,၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ကျပ် ၃၉၀,၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၇၀,၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၉၆၀၀-၉၇၀၀ ပေါက်ဈေးရှိနေသည်။

မန္တလေးဈေးကွက်တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာတစ်အိတ်လျှင် ကျပ် ၈၃,၀၀၀၊ ပြောင်းဖူး(ရှမ်း)၅၄ ပိဿာတစ်အိတ်လျှင် ကျပ် ၈၅,၀၀၀၊ ပြောင်းဖူး(CP) ၅၄ ပိဿာတစ်အိတ်လျှင် ကျပ် ၈၄,၀၀၀၊ အထွက် တိုးပြောင်း(နီ) ၅၃ ပိဿာတစ်အိတ်လျှင် ကျပ် ၈၃,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံ ဈေးကွက်မှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆောင်းနှမ်းအသစ်များ ဝင်ရောက်လာရာ ဆောင်းနှမ်းနက် တစ်အိတ်လျှင် ကျပ် ၅၂၀,၀၀၀-၅၃၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) တစ်အိတ်လျှင် ကျပ် ၄၁၀,၀၀၀၊ နှမ်းဖြူ(ဗမာ) တစ်အိတ်လျှင် ကျပ် ၃၄၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးကွက်အတွင်း နှမ်းမျိုးစုံ ဝင်ရောက်မှုနည်းပါးသွားကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ သီဟိုဠ်စေ့ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ နီးပါးဝယ်ယူ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၈၂၀,၀၀၀ နီးပါးအား ကမ္ဘာ့ဒုတိယမြောက် သီဟိုဠ်စေ့ကုန်ကြမ်းထုတ်လုပ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ တင်သွင်းခဲ့ကြောင်း၊ ၎င်း၏ သီဟိုဠ်စေ့ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပို့ကုန်ကဏ္ဍတွင် ထိပ်တန်းနေရာ ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက် ကုန်ကြမ်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ဝယ်ယူခဲ့ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယား သီဟိုဠ်စေ့အသင်း (CAC) ၏ အဆိုအရ နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၃၁ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း၊ ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းသည် ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ သီဟိုဠ်စေ့ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၈၅၀,၀၀၀ အထိ မြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၂၆ ရာခိုင်နှုန်း မြင့်တက်လာကာ ကမ္ဘာ့ဒုတိယအကြီးဆုံး သီဟိုဠ်စေ့ကုန်ကြမ်း ထုတ်လုပ်သူအဖြစ် ရပ်တည်ခဲ့ကြောင်း ဖော်ပြထားသည်။

ယခုအခါ သီဟိုဠ်စေ့သည် ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ စားအုန်းဆီ၊ ငှက်ပျောသီး၊ သရက်သီး၊ ကြက်မောက်သီးနှင့် ဂျုတ်ကောင်းတို့ကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံ၏ တန်ဖိုးမြင့် လယ်ယာတင်ပို့မှု ကုန်စည်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ လယ်ယာထွက်ကုန်များသည် ဗီယက်နမ်နိုင်ငံသို့ မြောက်မြားစွာ တင်ပို့ရှိမှုသာမက နိုင်ငံတကာဈေးကွက်တွင် ဗီယက်နမ်ကုန်စည်များနှင့် ယှဉ်ပြိုင်တင်ပို့ရသည့် ကုန်စည်များဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများသည် ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၈၂၀,၀၀၀ နီးပါးကို ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇ ဘီလီယံသုံးစွဲခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကမ္ဘောဒီးယားမှ သွင်းကုန်ပမာဏမှာ ၃၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၇ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံအတွက် လိုအပ်သော သီဟိုဠ်စေ့ကုန်ကြမ်း ၃၃ ဒသမ ၂ ရာခိုင်နှုန်းကို ပံ့ပိုးပေးပြီး ဗီယက်နမ်နိုင်ငံ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်တည်ငြိမ်မှုကို ထိန်းသိမ်းရန် ကူညီပေးခဲ့ကြောင်းနှင့် ၁၈ နှစ်ဆက်တိုက် ကမ္ဘာ့ထိပ်တန်းရောင်းချသူအဖြစ် ဗီယက်နမ်နိုင်ငံ၏ အဆင့်အတန်းကို အားဖြည့်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်သည် သီဟိုဠ်စေ့တန်ချိန် ၂၇၃,၈၀၀ ခန့် တင်ပို့ခဲ့ပြီး စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံအထိ ရရှိခဲ့ကြောင်းသိရသည်။ ၎င်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပမာဏ ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာပြီး တန်ဖိုးအားဖြင့် ၁၉ ဒသမ ၂ ရာခိုင်နှုန်းတိုးလာကြောင်းနှင့် ကမ္ဘာ့သီဟိုဠ်စေ့ဈေးကွက်ကို ဗီယက်နမ်နိုင်ငံ ဝင်ရောက်လာပြီးနောက် အမြင့်ဆုံး ကိန်းဂဏန်းများဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: Vietnam Net**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟနွိုင်းမြို့)**

https://myantrade.gov.mm/article/npt-1422025350

## အမေရိကန်သမ္မတက သံမဏိနှင့်အလူမီနီယံကုန်ပစ္စည်းအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ခဲ့

အမေရိကန်သမ္မတသည် သံမဏိနှင့် အလူမီနီယံကုန်စည်များအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းချမှတ်ခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ဖော်ပြထားသည်။

အမေရိကန်သမ္မတ၏ သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည့်အမိန့်သည် ၁၂-၃-၂၀၂၅ ရက်တွင် အသက်ဝင်မည်ဖြစ်ပြီး ယင်းသို့ချမှတ်ခြင်းသည် အမေရိကန်နိုင်ငံအား ချမ်းသာကြွယ်ဝသည့်နိုင်ငံဖြစ်လာစေရန် စမှတ်တစ်ခုဖြစ်ကြောင်း၊ သံမဏိသွင်းကုန်များအပေါ် အကောက်ခွန်နှုန်း သတ်မှတ်ကောက်ခံခြင်းနှင့်ပတ်သက်၍ အမေရိကန်သမ္မတသည် နိုင်ငံခြားအစိုးရများနှင့် အလွယ်တကူညှိနှိုင်းသဘောတူမည်မဟုတ်ကြောင်း၊ သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့က အထူးသဖြင့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံခြားအစိုးရများသည် ၎င်းတို့၏ သံမဏိကုမ္ပဏီများကို ထောက်ပံ့ကြေးပေးလျက်ရှိပြီး ယင်းသို့ထောက်ပံ့ငွေပေးခြင်းကြောင့် နိုင်ငံခြား သံမဏိထုတ်ကုန်များသည် အမေရိကန်ထုတ်သံမဏိများထက် ဈေးသက်သာရာ ယင်းအချက်သည် အမေရိကန်နိုင်ငံ သံမဏိလုပ်ငန်းများအတွက် မျှတမှုမရှိကြောင်း၊ ယင်းသို့ သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအပေါ် သွင်းကုန်ခွန်သတ်မှတ်ကောက်ခံခြင်းသည် အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများဖြစ်သည့် ကနေဒါ၊ မက္ကဆီကို၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများကိုပါ ထိခိုက်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် ကနေဒါနိုင်ငံမှ သံမဏိသွင်းကုန်အများဆုံးတင်သွင်းခဲ့ပြီး ကနေဒါပြီးနောက် သွင်းကုန်အများဆုံး တင်သွင်းခဲ့သည့်နိုင်ငံများမှာ ဘရာဇီးလ်၊ မက္ကဆီကို၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ သွင်းကုန်ခွန်ကောက်ခံမှုအပေါ် ယင်းနိုင်ငံများက တုံ့ပြန်မှုအဖြစ် တန်ပြန်သွင်းကုန်ခွန် ချမှတ်လာနိုင်ကြောင်း၊ ကနေဒါစက်မှုဝန်ကြီး Mr. François-Philippe Champagne က ၎င်းအနေဖြင့် နိုင်ငံတကာမိတ်ဖက်များနှင့် ဆွေးနွေးလျက်ရှိပြီး ရှင်းလင်းစွာ တုံ့ပြန်သွားမည်ဟု ၎င်း၏လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်းသိရသည်။ ဥရောပသမဂ္ဂ ဥက္ကဋ္ဌ Ms. Ursula von der Leyen ကလည်း မျှတမှုမရှိသည့် သွင်းကုန်ခွန်များနှင့်ပတ်သက်၍ ဥရောပသမဂ္ဂအနေဖြင့် ဖြေရှင်းချက်ပေးသွားမည်ဖြစ်ပြီး ခိုင်မာပြီး သင့်လျော်သည့် တန်ပြန်အစီအမံများကိုပါ ချမှတ်သွားမည်၊ သွင်းကုန်ခွန်သည် အခွန်တစ်မျိုးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် ဆိုးကျိုးဖြစ်စေသကဲ့သို့ စားသုံးသူများအတွက် သာ၍ပင်ဆိုးကျိုးဖြစ်စေသည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတသည် ၁၀-၂-၂၀၂၅ ရက်နှင့် ၁၁-၂-၂၀၂၅ ရက်တို့တွင် အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာမည့် သံမဏိသွင်းကုန်များကိုထိန်းညှိခြင်း (Adjusting Imports of Steel Into The United States)နှင့် အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာမည့် အလူမီနီယံသွင်းကုန်များကိုထိန်းညှိခြင်း (Adjusting Imports of Aluminum Into The United States) အမိန့်များကို ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်အရ အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် အလူမီနီယံထုတ်ကုန်များအားလုံးကို သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းနှင့် သံမဏိထုတ်ကုန်များအားလုံးကို သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်သွားမည်ဖြစ်ပြီး ယင်းသို့ သွင်းကုန်ခွန်ကောက်ခံမှုသည် ၁၂-၃-၂၀၂၅ ရက်တွင် အသက်ဝင်မည်ဖြစ်သည်။

**(ဇစ်မြစ်။ Wall Street) စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။** https://myantrade.gov.mm/article/npt-1422025247

## ငရုတ်(ဆောင်း)များ စတင်ရိတ်သိမ်းမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကိုလည်း စိုက်ပျိုးကြပါသည်။ ခရိုင်အတွင်း ငရုတ်(ဆောင်း) စိုက်ဧက ၅၀၇၄ ဧက၊ ရိတ်ဧက ၆၂၁ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။ စိုက်ပျိုးမှုအနေဖြင့် မျိုး၊သွင်းအားစု၊လုပ်သားခ အပါအဝင် ၁၅ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ ငရုတ်ကိုပျိုးထောင်၍ ဘောင်စိုက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လကုန်ပိုင်းတွင် စိုက်ပျိုးခဲ့သော ဆောင်းငရုတ်များမှာ ယခုဖေဖော်ဝါရီလ၊ ဒုတိယအပတ်မှစတင်၍ ထွက်ရှိခဲ့ကြောင်း၊ အထွက်တင်းအနေဖြင့် အစိုတင်း ၂၀၀-၃၀၀ ခန့်ထွက်ရှိကြောင်း၊ အများဆုံး စိုက်ပျိုးသောမျိုးများမှာ သာမို ၊ ဒီမွန် နှင့် ၆၉၂ မျိုးများကို စိုက်ပျိုးကြသည်။ ရာသီမရွေးစိုက်ပျိုးနိုင်သော ငရုတ်သီးနှံကို တောင်သူများမှာ တစ်နှစ်ပတ်လုံးစိုက်ပျိုးလာကြသည်။ မြေဆီ၊ မြေဩဇာ ကျွေးသည့်အပေါ်မူတည်၍ အပင်သက်တမ်းကြာနိုင်ပြီး အသီးအပွင့်များဝေဆာကာ အထွက်နှုန်း ပိုကောင်းကြောင်း၊ ၁ ဧက အထွက်နှုန်းအနေဖြင့် အစိုတင်း ၂၀၀-၃၀၀ ကျော်ထွက်ရှိပြီး အခြောက်တင်း ၈၀ ခန့် ပိဿာအနေဖြင့် အစိုပိဿာ ၁၀၀၀၊ အခြောက်ပိဿာ ၄၀၀-၅၀၀ ထွက်ရှိကြောင်း၊ ငရုတ်သီးဈေးနှုန်းအနေဖြင့် ငရုတ်အခြောက်တစ်တင်းလျှင် ၃၀,၀၀၀ ကျပ်၊ အစိုတစ်ပိဿာလျှင် ၄၈၀၀ ကျပ်၊ ငရုတ်အညှာခြွေ တစ်ပိဿာလျှင် ၁၃,၀၀၀ ကျပ်၊ အညှာပါတစ်ပိသာလျှင် ၁၁,၀၀၀ ကျပ်၊ ငရုတ်သီးအမှုန့် တစ်ပိဿာလျှင် ၁၈,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ငရုတ်သီး ဈေးကွက်အနေဖြင့် တောင်သူများမှ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချမှုများရှိသလို ပွဲစားများမှလည်း အခင်းထဲအရောက်လာရောက်ဝယ်ယူလျက်ရှိပြီး ပွဲရုံများမှတဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငရုတ်သီးစိုက်ပျိုးမှု တစ်ဧက အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ်များနုတ်ပြီးပါက သိန်း ၃၀ ကျပ်ခန့်မြတ်ကြောင်း၊ ငရုတ်သီးနှံ စိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

**Source: DOCA(မန္တလေး)**

https://www.doca.gov.mm/my/node/31699

## ကန့်ဘလူခရိုင်၌ ဖြစ်ပေါ်နေသော ကွမ်းသီးဈေးနှုန်း၊ ဈေးကွက်အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်တွင် ကွမ်းသီးပင်များကို နေအိမ်ခြံဝင်းများ၌ မိသားစုဝင်ငွေရရှိသည့်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ ကွမ်းသီးများကို ကန့်ဘလူခရိုင်အတွင်းမှလည်းကောင်း၊ မြိတ်ဒေသမှလည်းကောင်းဝယ်ယူပြီး ကွမ်းသီးစိတ်များပြုလုပ်၍ ပြန်လည်ရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ကန့်ဘလူခရိုင်၏ ကွမ်းသီးစိတ်ဈေးနှုန်းများမှာ အရည်အသွေးပေါ်မူတည်၍ ကွမ်းသီးစိတ် လက်ကားဈေး(ရှယ်) တစ်ပိဿာလျှင် ၁၈,၅၀၀ ကျပ်၊ လက်လီဈေး (ရှယ်) တစ်ပိဿာလျှင် ၁၉၅,၀၀ကျပ်၊ ကွမ်းသီးစိတ်(လတ်) တစ်ပိဿာလျှင် ၁၈,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်ပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ကွမ်းသီးစိတ် (ရှယ်)လက်လီ/လက်ကားဈေးမှာ ၅၀၀ ကျပ်၊ ကွမ်းသီးစိတ် (လတ်) တစ်ပိဿာလျှင် ၂၀၀၀ ကျပ် မြင့်တက်လာကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့ပေါ်ရှိ ဆိုင်များနှင့်ကျေးရွာများ၊ ကျွန်းလှမြို့နယ်သို့ လက်လီ/လက်ကားဖြန့်ဖြူးလျက်ရှိကြောင်း ကန့်ဘလူမြို့၊ အမှတ် ၃ ရပ်ကွက်ရှိ ကွမ်းသီးစိတ် ရောင်းဝယ်ရေးလုပ်ငန်းရှင်၏ ပြောပြချက်အရ သိရသည်။

DOCA(စစ်ကိုင်း) https://www.doca.gov.mm/my/node/ 31714

## အမေရိကန်သမ္မတသစ်၏ အခွန်တိုးမြှင့်ကောက်ခံမှုများကြောင့် တစ်နှစ်ကျော်ကြာ ကျဆင်းနေသည့် ဒေါ်လာဈေးတက်

ထရမ့်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်မှစ၍ ကနေဒါနှင့်မက္ကဆီကိုတို့မှ သွင်းကုန်များအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းနှင့် တရုတ်သွင်းကုန်များအပေါ် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သတိပေးထားရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှစ၍ အမေရိကန်ဒေါ်လာတန်ဖိုးသည် ကမ္ဘာ့အဓိက အခြားငွေကြေးများဖြစ်သော ယူရို၊ ဆွစ်ဖရန့်၊ စတာလင်ပေါင်၊ ကနေဒါဒေါ်လာ၊ ဩစတြေးလျဒေါ်လာ၊ နယူးဇီလန်ဒေါ်လာ၊ မက္ကဆီကိုပီဆို၊ တရုတ်ယွမ်တို့ထက် တန်ဖိုးမြင့်တက်သွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

ထရမ့်၏ အခွန်ကောက်ခံမှုအပေါ် ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံများဖြစ်သော ကနေဒါနှင့်မက္ကဆီကိုတို့မှ တန်ပြန်အစီအမံများကို ချက်ချင်းချမှတ်ကျင့်သုံးသွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံမှလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်မှုများသည် ကမ္ဘာ့ကုန်သွယ်မှုကျဆင်းနိုင်ကြောင်း၊ အမေရိကန်တစ်ဒေါ်လာလျှင် တရုတ်ယွမ်ငွေ ၇ ဒသမ ၃၇၆၅ မှ လက်ရှိတွင် ၇ ဒသမ ၃၄၆၂ ဖြစ်လာသဖြင့် ဒေါ်လာဈေး ၀ ဒသမ ၀၄ ရာခိုင်နှုန်း တက်ခဲ့ကြောင်း၊ ရေရှည်တွင် တိုးတက်မှုအားနည်းပြီး ငွေကြေးဖောင်းပွမှု မြင့်မားလာမည့် Stagflation ဖြစ်လာနိုင်သည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားကြောင်း၊ အမေရိကန်တစ်ဦးကျစားသုံးမှု ကုန်ကျစရိတ်ညွှန်းကိန်းသည် ပြီးခဲ့သည့်လကထက် ၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး Bitcoin သည် သီတင်း ၃ ပတ်အတွင်း အနိမ့်ဆုံးဈေးသို့ ကျဆင်းခဲ့ကြောင်း သတင်းဌာနက ဖော်ပြထားသည်။

**ရင်းမြစ်။ ရိုက်တာသတင်းဌာန**

https://commerce.gov.mm/my/article/update-news-international-trade/32145

## ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နံ့ကားစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နံ့ကားစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကလျာက ပြောပြ၍သိရသည်။ ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက နံ့ကားစပါးတင်းရေ ၅၄,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း နံ့ကားစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် စားသုံးမှုများသည့် စပါးအမျိုးအစားဖြစ်ကြောင်းသိရသည်။ "ပြီးခဲ့တစ်လအတွင်း နံ့ကားစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ နံ့ကားစပါးအမျိုးအစားကအကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးစားဖြစ်ပါတယ်။ လက်ရှိစပါးဈေးကပုံမှန်အခြေအနေမှာရှိနေပါတယ်။ နံ့ကားစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာအများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဒေါ်ကလျာကပြောပြသည်။ ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လအတွင်း နံ့ကားစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_ 17022025_1138

# STOCK EXCHANGE (17.2.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Feb. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,848 (Shares) | 8,825,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,400 | 7,500 | 7,400 | 350 | 2,592,000 | 33,109,694 | 248,323 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 897 | 2,646,150 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2 | 16,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 33 | 59,400 | 29,664,613 | 53,396 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,002 | 1,628,300 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 105 | 415,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 459 | 1,468,800 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.48 | -0.63 | -0.17% | 363.20 | 365.48 | 363.20 | 2,848 | 8,825,650 | 8 | 689,366 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 3,760 (Shares) | 11,561,650 (MMK) |

## Main Board

As of 1:00 pm, 17th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,848 (Shares) | 8,825,650 (MMK) |

| MYANPIX | 365.48 ▼ 0.63 |
|---|---|
| Total Volume (shares) | 2,848 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,366 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▼ 50 |